



# အန်းဒါးဆင်းရဲ့ နတ်သမီးပုံပြင်များ

ခေးလု-ပြန်ဆိုသည်။


mgyoe.com
အန်းဒါးဆင်းရဲ့
နတ်သမီးပုံပြင်များ
ခေးလု-ပြန်ဆိုသည်။
KL0001
1,200.00 KS

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အန်းဒါးဆင်းရဲ့ နတ်သမီးပုံပြင်များ

ခေးလု

ပြန်ဆိုသည်။

mgyoe.com

mgyoe.com

# အန်းဒါးဆင်းရဲနွှတ်သမီးပုံပြင်များ

ဒေးလု

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | အုပ်စု - ၁၊ ပုံပြင် |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| | | |
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာစလင် | - | အီးဂဲလ် |
| လက်ခွဲစလင် | - | အေဇက် |
| စာအုပ်ချုပ် | - | သစ္စာ |

၃၉၈ · ၂

ခေးလု

အန်းဒါးဆင်းရဲနွတ်သမီးပုံပြင်များ / ခေးလု၊ ရန်ကုန်၊

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။

စာမျက်နှာ ၈၀ မျက်နှာ၊

၁၄ ·၅ စင်တီ× ၂၃ စင်တီ

(၁) အန်းဒါးဆင်းရဲနွတ်သမီးပုံပြင်များ


၂၀၁၂၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၂၀၀ ကျပ်

mgyoe.com

mgyoe.com

# အန်န်းဒါးဆင်းရဲ့ နတ်သမီးပုံပြင်များ



ဓေးလု

mgyoe.com

mgyoe.com



**ဟန်စ် ခရစ်စတီယန် အန်းဒါးဆင်း**


ဘာသာပြန်သူ၏အမှာ

'အန်းဒါးဆင်းရဲ့ နတ်သမီးပုံပြင်များ' စာအုပ်ကို ဘာသာပြန်ဖို့ ကြိုးစားရင်း အန်းဒါးဆင်းအကြောင်း အင်တာနက်မှာ ဖတ်ကြည့်မိတယ်။ သူ့နာမည်အပြည့်အစုံက 'ဟန်စ် ခရစ်စတီယန် အန်းဒါးဆင်း' (Hans Christian Andersen) ဖြစ်ပြီး ၁၈၀၅ ခုနှစ်မှာ ဒိန်းမတ်နိုင်ငံမှာ ဖွားမြင်ခဲ့တယ်လို့သိရတယ်။ ၁၈၇၅ ခုနှစ်မှာ ကွယ်လွန်သွားတယ်။ စာရေးဆရာ၊ ကလေးစာပေ ပုံပြင်ရေးဆရာ၊ ကဗျာဆရာအဖြစ် ကျော်ကြားခဲ့တယ်။ သူ့ရဲ့ ထင်ရှားကျော်ကြားတဲ့ ပုံပြင်တွေစာရင်းထဲမှာ ဒီစာအုပ်ထဲမှာပါတဲ့ 'ဘဲရုပ်ဆိုးလေး' နဲ့ 'မီးခြစ်သည်မလေး' ပုံပြင်တွေပါနေတာ တွေ့ရတယ်။

အန်းဒါးဆင်းပုံပြင်တွေကို ဆရာကြီးအံ့မောင်နဲ့ ဆရာမကြီးကြည်အေးတို့ ဘာသာပြန်ခဲ့တဲ့အနုအလှတွေကိုလည်း ဖတ်ခဲ့ဖူးပါတယ်။ အခု ဒီစာအုပ်ဟာ ဒီလိုဝါရင့်စာရေးဆရာကြီးတွေရဲ့လက်ရာတွေကို မီနိုင်မှာမဟုတ်ပေမဲ့ အတော်လေးတော့ ကြိုးစားထားပါတယ်။ အားနည်းချက်တွေလည်း ရှိနေနိုင်ပါတယ်။ စာဖတ်သူတွေအနေနဲ့ ဝေဖန်ထောက်ပြ အကြံပြုပေးမယ်လို့လည်း မျှော်လင့်ထားပါတယ်။ ဒီစာအုပ်နဲ့ ပတ်သက်ပြီး ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

**ခေးလှ**

mgyoe.com




# မာတိကာ


၁။ ညတေးသီငှက်ကလေး နိုက်တင်ဂေးလ် ၆

၂။ ကောင်လေး တပ်ခ် ၂၄

၃။ ဘဲရုပ်ဆိုးလေး ၃၂

၄။ ငှက်ကျားတစ်မြုံ ၄၇

၅။ မီးခြစ်သည်မိန်းကလေး ၅၅


၆။ ထူးဆန်းတဲ့မီးခြစ်ဘူး ၆၀

၇။ အမြင့်ခုန်ပြိုင်ပွဲ ၇၃

၈။ လက်ချုပ်အပ်ကလေး ၇၆


mgyoe.com





# ညတေးသီငှက်ကလေး     နိုက်တင်ဂေးလ်

ကလေးတို့ရေ …

ကလေးတို့သိကြတဲ့အတိုင်း တရုတ်ပြည်က ဘုရင်ဧကရာဇ်ဟာ တရုတ်လူမျိုးပဲပေါ့။ သူ့ပတ်ပတ်လည်မှာ ခစားနေကြသူတွေကလည်း တရုတ်လူမျိုးတွေပဲလေ။ ရှေးနှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို လူတွေမေ့မေ့ပျောက်ပျောက်ဖြစ်မသွားခင်မှာ ပုံပြင်ကလေးအဖြစ်နဲ့ ကလေးတို့ကို ပြောပြချင်တာပါ။

တရုတ်ဘုရင်ဧကရာဇ်ရဲ့ နန်းတော်ဟာ ကမ္ဘာပေါ်မှာထူးခြားဆန်းပြားမှု အရှိဆုံးနန်းတော်ပါ။ နန်းတော်တစ်ဆောင်လုံးကို ကြွေထည်တွေနဲ့ ဆောက်လုပ်ထားတယ်။ ကြွေထည်တွေဟာ အလွန်တန်ဖိုးမြင့်တယ်ဆိုပေမဲ့ အလွန်ကြွပ်ဆပ်တာကြောင့် ထိတောင် မထိရဲလောက်အောင်ပဲ။

ဥယျာဉ်ထဲမှာဆိုရင်လည်း နှစ်သက်စရာအကောင်းဆုံး ပန်းတွေနဲ့ပြည့်နေတယ်။ ရင်သပ်ရှုမောစရာ အကောင်းဆုံးကတော့ အဲဒီပန်းပွင့်တွေအားလုံးမှာ အသေးစား ငွေခေါင်းလောင်းကလေးတွေ လိုက်ဆွဲပေးထားတာပဲ။ ပန်းပွင့်ကလေးတွေ လေယူရာတိမ်း

တဲ့အခါ သာယာတဲ့ ခေါင်းလောင်းသံလေးတွေထွက်လာပြီး ဖြတ်သွားသူတိုင်း လှည့်မကြည့်ဘဲ မနေနိုင်ကြဘူးတဲ့ကွယ်။ ဟုတ်တယ်။ ဘုရင်ဧကရာဇ်ကြီးရဲ့ဥယျာဉ်ကို အစစအရာရာ စနစ်တကျမွမ်းမံထားတာကိုး။ ဥယျာဉ်ခြံကြီးကလည်းကျယ်လိုက်တာမှ ဥယျာဉ်မှူးတောင် ဘယ်မှာဆုံးတယ်ဆိုတာ မသိဘူးတဲ့။ ဥယျာဉ်ခြံအဆုံးကို လျှောက်သွားပြီးရင်တော့အလွန်မြင့်မားတဲ့သစ်ပင်တွေနဲ့သာယာလှပတဲ့ တောအုပ်တစ်အုပ်ကို ရောက်သွားရောတဲ့။ တောအုပ်ကိုကျော်ရင် ပင်လယ်ကို ရောက်တယ်တဲ့လေ။

တောအုပ်ဟာ အလွန်နက်ရှိုင်းပြီး ပြာလွင်နေတဲ့ ပင်လယ်ဆီ ထိုးဆင်းအုံ့ဆိုင်းနေတော့ ပင်လယ်ကူးသင်္ဘောကြီးတွေဟာ သစ်ကိုင်းတွေအောက်ကနေ ရွက်လွှင့်သွားကြရသတဲ့။ သစ်ကိုင်းတွေကြားမှာ နိုက်တင်ဂေးလ်ငှက်မကလေး တစ်ကောင်နားနေပြီး ချိုသာစွာ သီချင်းဆိုနေတတ်တယ်လို့ဆိုတယ်။ သူမ ဆိုတဲ့သီချင်းသံဟာ ငါးဖမ်းရင်း သီချင်းဆိုတတ်တဲ့ ဆင်းရဲသားတံငါသည်လေးရဲ့သီချင်းသံထက်တောင် ပိုပြီးချိုမြိန်သာယာသတဲ့။ ဒါကြောင့်လည်း အဲဒီတံငါသည်လေးဟာ ညဘက် သူ့ငါးဖမ်းပိုက်ကွန်တွေ လာသိမ်းတဲ့အချိန်မှာ အဲဒီငှက်မကလေးရဲ့ သီချင်းဆိုသံကို ရပ် ရပ်ပြီး နားထောင်နေတတ်တယ်။ "အိုး– သာယာလိုက်တဲ့သီချင်းသံ ..." လို့ ချီးကျူးလေ့ရှိတယ်။ အဲဒီလို ချီးကျူး ပြီးသွားရင်တော့ သူ့အလုပ်ကို သူ ဆက်လုပ်တော့တာမို့ ငှက်မလေးကို မေ့ပစ်လိုက်တော့တာပေါ့။ နောက်ညတွေမှာ နိုင်တင်ဂေးလ်က သီချင်းဆိုတိုင်း တံငါသည်လေးကလည်း 'အိုး–သာယာလိုက်တဲ့သီချင်းသံ ...'လို့ သည်အတိုင်းပဲ ပြောနေမှာပါပဲ။

ကမ္ဘာအရပ်ရပ်က ခရီးသွားတွေဟာ ဘုရင်ဧကရာဇ်ရဲ့မြို့တော်ကို လာရောက်လည်ပတ်ခဲ့ကြတယ်။ သူတို့ဟာ မြို့တော်၊ နန်းတော်နဲ့ ဥယျာဉ်တော်တွေကို ချီးကျူးဂုဏ်ပြုကြတယ်။ ဒါပေမဲ့ နိုက်တင်ဂေးလ်ငှက်မလေးရဲ့ သီချင်းသံကို နားထောင်ခွင့်ရလိုက်သူတွေကတော့ "ဒါ အကောင်းဆုံးပဲ" လို့ မှတ်ချက်ချကြတယ်လေ။ အဲဒီလို ခရီးသွားတွေဟာ ဌာနေပြန်ရောက်သွားရင်လည်း နိုင်တင်ဂေးလ်ငှက်မလေးအကြောင်းကိုပဲ တသသ ပြန်ပြောပြကြတယ်။ အဲဒီခရီးသွားတွေအတွင်းမှာ စာနယ်ဇင်းသမားတွေလည်း ပါလေတော့ ဘုရင်ဧကရာဇ်ရဲ့ မြို့တော်၊ နန်းတော်၊ ဥယျာဉ်တော်တွေအကြောင်း စာအုပ်တွေ ရေးသားထုတ်ဝေကြတယ်။ သူတို့ဟာ နိုက်တင်ဂေးလ်ငှက်မလေးကို လုံးဝလျစ်လျူမရှုခဲ့ကြပါဘူး။ ဘုရင်ဧကရာဇ်ရဲ့ မြို့တော်၊ နန်းတော်၊ ဥယျာဉ်တော်တွေထက်ကို အထူးတလည် ချီးကျူးရေးသားခဲ့ကြတယ်။ ဒါ့အပြင် ကဗျာဆရာတွေကလည်း ပင်လယ်ကမ်းစပ် သစ်တောအတွင်းက နိုက်တင်ဂေးလ်ငှက်မလေးအကြောင်း အလှပဆုံး လင်္ကာတွေ ရေးဖွဲ့ခဲ့ကြတယ်။

အဲဒီစာအုပ်တွေဟာ ကမ္ဘာတစ်ဝန်း ပျံ့နှံ့သွားခဲ့တယ်။ နောက်ဆုံးတော့ အဲဒီစာအုပ်တွေထဲက တစ်အုပ်ဟာ ဘုရင်ဧကရာဇ်ရဲ့လက်ထဲ ရောက်လာခဲ့တယ်။ သူဟာ

mgype.com

mgyoe.com

သူ့ရဲ့ရွှေပက်လက်ကုလားထိုင်မှာ ထိုင်ပြီး အဲဒီစာအုပ်ကို ထပ်တလဲလဲ ဖတ်ခဲ့တယ်။ ဖတ်ရင်းနဲ့ ခဏခဏ ခေါင်းညိတ်တယ်။ မြို့တော်၊ နန်းတော်နဲ့ ဥယျာဉ်တွေအကြောင်း ခမ်းနားထည်ဝါစွာ ရေးဖွဲ့ထားတာမို့ သူ အကြီးအကျယ် ကျေနပ်အားရ ဖြစ်ခဲ့တယ်။ "ဒါပေမဲ့ အားလုံးထဲမှာ စိတ်ဝင်စားစရာအကောင်းဆုံးကတော့ နိုက်တင်ဂေးလ်ပါပဲ"လို့ စာအုပ်ထဲမှာ ရေးသားဖော်ပြထားတယ်။

"ကမ္ဘာကြီးပေါ်မှာ ဒါက ဘာဖြစ်တာလဲဟ" ဘုရင်ဧကရာဇ်က ရေရွတ်လိုက်တယ်။ "နိုက်တင်ဂေးလ်တဲ့လား၊ သူ့ကို ငါ လုံးဝမသိပါလား၊ သူ့ အကြောင်း ကြားတောင် မကြားခဲ့ဖူးဘဲနဲ့ ငါ့ဥယျာဉ်ထဲမှာတောင် မရှိဘဲနဲ့ ငါ့အင်ပိုင်ယာထဲမှာ ဒီလိုမျိုး ငှက်တစ်ကောင်ရှိနေနိုင်သတဲ့လား၊ စာအုပ်တွေက လူတွေကို အသိတရားတစ်ခုခုတော့ ပေးနိုင်စွမ်းရှိတယ်ဆိုတာ တယ်မှန်တာပဲ" ဒီလိုနဲ့ သူဟာ သူ့ရဲ့သက်တော်ရှည် အမတ်ကြီးကို ခေါ်လိုက်တယ်။



အမတ်ကြီးဟာ အလွန်အထက်တန်းကျပြီး ဘယ်လက်အောက်ငယ်သားတွေမှသူ့ကို စကားမပြောရဲကြဘူး။ တစ်ယောက်ယောက်က အရဲစွန့်ပြီး သူ့ကို မေးခွန်းတစ်ခွန်းလောက် မေးလိုက်တယ်ဆိုရင် သူ့ရဲ့ တစ်ခွန်းတည်းသောအဖြေက 'ရွှတ်' ဆိုတာပဲ။ ဘာအဓိပ္ပာယ်မှ မရှိတဲ့ စကားလုံးလေ။

"အလွန်အံ့သြစရာကောင်းတဲ့ ငှက်တစ်ကောင် ဒီမှာ ရှိနေတယ်လို့ ပြောကြတယ်၊ နိုင်တင်ဂေးလ်လို့ ခေါ်သတဲ့"ဘုရင်ဧကရာဇ်က မိန့်ကြားလိုက်တယ်။ "သူတို့ပြောကြတာက အဲဒီငှက်မလေးရဲ့သီချင်းဟာ ငါ့နိုင်ငံတော်ပိုင်နက် အတွင်းက ဘယ်အရာထက်မဆို ပိုပြီးတန်ဖိုးရှိတယ်ဆိုပါလား၊ အဲဒီငှက်မလေး အကြောင်းကို ဘယ်သူကမှ ငါ့ကို သံတော်ဦး မတင်ခဲ့ကြပါလား"

"ကျွန်ုပ်လည်း တစ်ခါမှ မကြားဖူးခဲ့ပါဘူး" အမတ်ကြီးက လျှောက်တင်ပါတယ်။ "အဲဒီငှက်မလေးအကြောင်းဟာ နန်းတော်ထဲအထိ မပေါက်ရောက်ခဲ့ပါဘူး"

"ဒီညနေမှာပဲ အဲဒီငှက်မလေးဟာ ကျွန်ုပ်ရှေ့တော်မှောက်မှာ သီချင်းဆိုပြဖို့ ကျွန်ုပ် အလိုရှိတော်မူတယ်"ဘုရင်ဧကရာဇ်က အမိန့်ချမှတ်တယ်။ "ဘယ့်နှယ် ဒီငှက်မလေး ကျွန်ုပ်ရဲ့ပိုင်နက်ထဲမှာ ရှိနေတာကို တစ်ကမ္ဘာလုံးက သိနေပြီး ကျွန်ုပ်ကိုယ်တော်တိုင်ကျတော့ မသိဘူးဖြစ်နေတယ်လေ"

mgyoe.com

mgyoe.com

"အဲဒီငှက်မလေးအကြောင်း ကျွန်ုပ် တစ်ခါမှ မကြားခဲ့ဖူးပေမဲ့…" အမတ်ကြီးက လျှောက်တင်ပါတယ်။ "ကျွန်ုပ် သူမကို ရှာပါ့မယ်၊ တွေ့အောင် ရှာပေးပါ့မယ်"

ဒါပေမဲ့ သူမကို ဘယ်မှာရှာရမှာလဲ။ အမတ်ကြီးဟာ ခြေကုန်သုတ်ခဲ့တယ်။ နေရာအနှံ့ပဲ။ ခန်းမဆောင်တွေကိုလည်းရောက်တယ်။ ဝင်ပေါက်ထွက်ပေါက်တွေကိုလည်း ရောက်တယ်။ သူ တွေ့ဆုံမေးမြန်းခဲ့တဲ့လူတွေ အားလုံးပဲ နိုက်တင်ဂေးလ်အကြောင်း လုံးဝ မကြားဖူးသူတွေချည့်ပါပဲ။ ဒီလိုနဲ့ အမတ်ကြီးဟာ ဘုရင်ဧကရာဇ်ထံ ပြန်လည် ရောက်ရှိလာခဲ့ပြီး လျှောက်တင်ပါတော့တယ်။

"သေချာတာကတော့ စာအုပ်ရေးတဲ့စာရေးဆရာက တီထွင်ဖန်တီးပြီး ရေးသားလိုက်တာ ဖြစ်ပါလိမ့်မယ်၊ ဘုန်းတော်ကြောင့် အရှင်မင်းကြီးဟာ စာအုပ်တွေထဲက ရေးသမျှအကြောင်းအရာတွေကို မယုံကြည်သင့်ပါဘူး၊ စာအုပ်အများစုဟာ တီထွင်ဖန်တီး ရေးသားကြတာများပါတယ်၊ အဲဒီလိုရေးသားမှုတွေကို အမည်းရောင် အနုပညာလို့ခေါ်ဆိုကြပါတယ်"

"ဒါပေမဲ့ ငါကိုယ်တော်ဖတ်တဲ့စာအုပ်က …" ဘုရင်ဧကရာဇ်က မိန့်ကြားတယ်။ "ဂျပန် ဧကရာဇ်မင်းမြတ်က ပို့လိုက်တဲ့စာအုပ်လေ၊ ဒါကြောင့် မမှန်ကန်ဘူးဆိုတာ မဖြစ်နိုင်ဘူး၊ ငါကိုယ်တော် အလိုရှိတော်မူတာက ဒီနေ့ညနေမှာပဲ နိုက်တင်ဂေးလ်ရဲ့ သီချင်းဆိုသံကို နားထောင်ချင်တယ်၊ ဒီညနေမှာပဲ အဲဒီငှက်မလေး ရောက်လာရမယ်၊ ရောက်မလာနိုင်ဘူးဆိုရင်တော့ အိပ်ရာဝင်ခါနီး စားသောက်တဲ့ စားသောက်ပွဲအပြီးမှာ နန်းတော်သူနန်းတော်သားအားလုံးကို ကြိမ်ဒဏ်ပေးရလိမ့်မယ်"

"အမိန့်တော်မြတ်အတိုင်းပါဘုရား" လို့ အမတ်ကြီးက လျှောက်တင်လိုက်တယ်။ ပြီးတာနဲ့ သူဟာ နန်းတော်ရဲ့အပေါ်ထပ်တွေ၊ အောက်ထပ်တွေဆီ အရင်တုန်းကလို ပြေးလွှားပြန်ပါတော့တယ်။ ခန်းမဆောင်တွေကို ဖြတ်သန်း။ ဝင်ပေါက်ထွက်ပေါက်တွေကို ဖြတ်သန်း။ နန်းတွင်းက နန်းတွင်းသူနန်းတွင်းသားတစ်ဝက်လောက် သူ့နောက်ကနေ ပြေးလိုက်လာကြတယ်။ ဘယ်သူမှ ကြိမ်ဒဏ်အပေးမခံချင်ကြဘူးလေ။ အားလုံးဟာ နန်းတော်တစ်ခုလုံးက ဘာမှမသိဘဲ ကမ္ဘာတစ်ဝန်းလုံးက ပြောနေကြတဲ့ အံ့ဖွယ် နိုက်တင်ဂေးလ်ငှက်မလေးအကြောင်း လိုက်လံမေးမြန်းစုံစမ်းနေကြလေရဲ့။

နောက်ဆုံးမှာ သူတို့ဟာ စားဖိုဆောင်ထဲက ဆင်းရဲသမလေးတစ်ယောက်ကို တွေ့ခဲ့ကြရတယ်။ မိန်းကလေး က " အိုး ဟုတ်တယ်၊ နိုက်တင်ဂေးလ်လေ၊ ကျွန်မ သူ့ကို ကောင်းကောင်းသိတာပေါ့၊ အို … အရမ်းကို သီချင်းအဆိုကောင်းတာ၊ ညနေတိုင်းပဲ ကျွန်မဟာ ထမင်းစားပွဲက ဟင်းအကြွင်းအကျန်တွေကို နေထိုင်မကောင်းဖြစ်နေတဲ့ အမေ့ဆီ ယူသွားပေးတယ်၊ အမေက ပင်လယ်ကမ်းခြေမှာ နေတာလေ၊ အမေ့ဆီကအပြန်မှာ ကျွန်မဟာ တောအုပ်ထဲမှာ ခဏတစ်ဖြုတ် အနားယူလေ့ရှိပါတယ်၊ အဲဒီလို အနားယူတဲ့အချိန်မှာ



mgyoe.com
mgyoe.com

mgyoe.com
နိုက်တင်ဂေးလ်ရဲ့သီချင်းသံကို ကြားရပါတယ်၊ ကြားရတာနဲ့ ကျွန်မ မျက်ရည်ကျရပါတယ်၊ သူမရဲ့သီချင်းသံက ကျွန်မကို ကျွန်မအမေက မွေးမွေး ပေးနေသလိုမျိုးပါ" လို့ ပြောပြတယ်။

"စားဖိုဆောင်က မိန်းကလေး ..." အမတ်ကြီးကပြောလိုက်တယ်။ "တကယ်လို့များ မင်းဟာ နိုက်တင်ဂေးလ်ငှက်မလေးကို ဒီညနေမှာ နန်းတွင်းရောက်အောင် ခေါ်လာနိုင်ဖို့အတွက် ဆက်စပ်ပေးနိုင်မယ်ဆိုရင် မင်းကို ဘုန်းကံကြီးမားတဲ့ ဘုရင်ဧကရာဇ်ရဲ့ ညစာစားပွဲကို မြင်တွေ့ခွင့်ရစေမယ့်အပြင် စားဖိုဆောင်မှာ တာဝန်တစ်ခုခု သတ်သတ်မှတ်မှတ်ရအောင် ငါလုပ်ပေးမယ်"

ဒီလိုနဲ့ သူတို့ဟာ နိုက်တင်ဂေးလ်ငှက်မလေး သီချင်းဆိုဆိုနေတယ်ဆိုတဲ့ တောအုပ်ဆီကို အတူတကွ ဦးတည်သွားရောက်ကြပါတော့တယ်။ နန်းတွင်းသူ နန်းတွင်းသားတစ်ဝက်လောက် သူတို့နဲ့အတူ လိုက်ပါသွားခဲ့ကြတယ်။ သူတို့သွားနေစဉ်မှာ နွားတစ်ကောင်ရဲ့အော်သံထွက်လာတယ်။

နန်းတွင်းသားလူငယ်တစ်ဦးက "အို ... ငှက်မလေးရဲ့အသံကို ကြားရပြီပဲ၊ အရမ်းငယ်တဲ့ တိရစ္ဆာန်တစ်ကောင်ဆီက တကယ့်ကို ကြားရခဲ့တဲ့ တစ်မူထူးခြားတဲ့အသံမျိုး၊ သေချာတာက ဒီအသံကို ကျွန်ုပ်အရင်က တစ်နေရာရာမှာ ကြားဖူးခဲ့ပါတယ်" လို့ ပြောလိုက်တယ်။

"မဟုတ်ဘူး၊ ခင်ဗျားကြားတာက နွားမတွေ အော်နေတဲ့အသံလေ" စားဖိုဆောင်ကမိန်းကလေးက ရှင်းပြလိုက်တယ်။ "တို့တစ်တွေ နန်းတော်ကနေ ထွက်လာခဲ့တာ ဘာမှ မကြာသေးတဲ့ဥစ္စာ"

ရေကန်ထဲက ဖားတွေအော်နေတဲ့အသံကို ကြားရပြန်ရော။

"အဲဒါကြောင့် ကျော်ကြားတာပေါ့" နန်းတွင်း တရားဟောဆရာအကြီးအကဲက ပြောလာတယ်။ "အခု ငါ သူမရဲ့အသံကို ကြားလိုက်ရပြီ၊ သူမရဲ့အသံဟာ ဘုရားရှိခိုးကျောင်းက ခေါင်းလောင်းငယ်ကလေးတွေရဲ့အသံအတိုင်းပဲ"

"မဟုတ်ဘူး၊ အဲဒါ ဖားတွေပါ" စားဖိုဆောင်မိန်းကလေးက ရှင်းပြတယ်။ "ဒါပေမဲ့ အခု ကျွန်မထင်တာက မကြာခင်မှာပဲ သူမရဲ့အသံကို ကြားရတော့မှာပါ"

အဲဒီနောက်မှာတော့ နိုက်တင်ဂေးလ်ရဲ့ သီချင်းသံကို စတင်ကြားရပါတော့တယ်။

"အဲဒါ သူမပဲ" မိန်းကလေးက ပြောတယ်။ "နားထောင်၊ နားထောင်၊ သူမ ဟိုမှာ နားနေတယ်" ပြီးတော့ သူမက သစ်ကိုင်းတွေပေါ်နားနေတဲ့ မီးခိုးရောင်ငှက်ကလေးတစ်ကောင်ကို လက်ညှိုးထိုးပြလိုက်တယ်။

"အဲဒါ ဖြစ်နိုင်လို့လား" အမတ်ကြီးက ရေရွတ်တယ်။ "ငါ တွေးကြည့်လို့ မရဘူး၊ သူမက ရိုးစင်းလွန်းလှတယ်၊ သူမဟာ ထိတ်ထိတ်ကြဲပုဂ္ဂိုလ်တွေ ရှေ့ရောက်ရင်တော့

mgyoe.com

mgyoe.com
အရောင်တွေ ပြောင်းပစ်လိုက်တယ်ထင်ပါရဲ့."

"နိုက်တင်ဂေးလ် ငှက်ကလေးရေ ..." စားဖိုဆောင်မိန်းကလေးက အော်ခေါ်လိုက်တယ်။ "ငါတို့ရဲ့ ကြီးမြတ်တဲ့ဘုရင်ဧကရာဇ်က မင်းကို သူ့ရှေ့မှာ သီချင်းဆိုပြဖို့ အလိုရှိနေပတယ်ကွ"

"အသာယာဆုံး ဆိုပြရမှာပေါ့ ဟုတ်လား" နိုက်တင်ဂေးလ်က ပြောလာတယ်။ ပြီးတော့ ကြားလိုက်ရတဲ့ သတင်းကြောင့် ဝမ်းသာသွားတဲ့သဘောနဲ့ တေးဆိုလိုက်လေရဲ့။

"ဖန်ခေါင်းလောင်းလေးတွေ မြည်တဲ့အသံအတိုင်းပဲ" အမတ်ကြီးက ချီးကျူးတယ်။ "ပြီးတော့ ငှက်မလေးရဲ့လည်ချောင်းသေးသေးလေးကို ကြည့်လိုက်ကြစမ်း၊ လှုပ်ရှားနေလိုက်တာ ချစ်စရာလေး၊ အရင်တုန်းက မကြားဖူးခဲ့တာကို ပဲ အပြစ်ပြောရမလို ဖြစ်နေပြီ၊ သူမဟာ နန်းတွင်းမှာ အကြီးအကျယ် အောင်မြင်တော့မှာပဲ"

"ဘုရင်ဧကရာဇ်နားဆင်ဖို့အတွက် ထပ်ဆိုပေးရမလားရှင်" လို့ နိုက်တင်ဂေးလ်က မေးတယ်။ ရောက်လာတဲ့ လူအုပ်ထဲမှာ ဘုရင်ဧကရာဇ်လည်း ပါလာတယ်လို့ သူမက ထင်နေတာကိုး။

"ကျက်သရေအရှိဆုံး နိုက်တင်ဂေးလ်လေးရေ" အမတ်ကြီးက ရှင်းပြလိုက်တယ်။ "မင်းကို ဒီညနေကျင်းပမယ့် နန်းတွင်းပွဲတော်တစ်ခုမှာပါဝင်ဖို့ ဖိတ်ခေါ်ခွင့်ရတာကို ဂုဏ်ယူမိပါတယ်ကွာ၊ ပွဲတော်ချိန်မှာ ဘုန်းတော်ကြီးမားတဲ့ဘုရင်ဧကရာဇ်က မင်းရဲ့ ပျော်ရွှင်ဖွယ် သီချင်းကို ခံစားကြည်နူးပါလိမ့်မယ်"

"ကျွန်မရဲ့သီချင်းက စိမ်းလန်းတဲ့သစ်ပင်တွေကြားမှာဆို ပိုနားထောင်လို့ကောင်းပါတယ်" လို့ နိုက်တင်ဂေးလ်က ပြောလိုက်တယ်။ ဘာပဲဖြစ်ဖြစ် ဘုရင်ဧကရာဇ်က သူမကို အလိုတော်ရှိနေကြောင်း ကြားသိလိုက်ရတဲ့အတွက် စိတ်ပါလက်ပါ လိုက်ပါလာခဲ့တယ်။

နံရံတွေ၊ ကြမ်းခင်းတွေမှာ ကြွေနဲ့အတိပြီးတဲ့ နန်းတော်ဟာ ပုံမှန်အတိုင်း အလှဆင်ထားပြီး တောက်ပပြောင်လက်နေတယ်။ ရွှေမီးအိမ်တစ်ထောင် ထွန်းညှိထားတယ်။ အသာယာဆုံးအသံမြည်တဲ့ခေါင်းလောင်းကလေးတွေ ချည်နှောင်ထားတဲ့ ချစ်စရာအကောင်းဆုံး ပန်းပွင့်တွေကိုတော့ ဝင်ပေါက်ထွက်ပေါက်တွေမှာ အလှဆင်ထားတယ်။ သူတို့ကို တိုးမိတိုက်မိလိုက်တာနဲ့ ခေါင်းလောင်းအားလုံးအသံမြည်သွားအောင် ဖန်တီးထားတာမို့ အဲဒီအချိန်မှာဆိုရင် စကားပြောသံတွေကိုတောင် ဖုံးလွှမ်းသွားနိုင်ပါသတဲ့။

ဘုရင်ဧကရာဇ် ထိုင်တော်မူနေတဲ့ ခန်းမဆောင်ရဲ့အလယ်မှာ ရွှေရောင်ငှက်နားတန်းကလေးတစ်ခုကို ထောင်ပေးထားတယ်။ အဲဒီတန်းကလေးမှာ နိုက်တင်ဂေးလ်က နားနေခွင့်ရခဲ့တယ်။ နန်းတော်တစ်ခုလုံး ပရိသတ်တွေစုံညီနေပါပြီ။ စားဖိုဆောင်က မိန်းကလေးကျတော့ တံခါးအကွယ်လေးမှာ ရပ်နေဖို့ ခွင့်ပြုချက်ရခဲ့တယ်။ အခုဆိုရင်
mgyoe.com

mgyoe.com
သူမဟာ "စားဖိုဆောင်က အပျိုတော်" ဆိုတဲ့ခေါင်းစဉ်နဲ့ အဆင့်အတန်းတစ်နေရာ ရရှိသွားပါပြီ။ အားလုံးဟာ အလှပဆုံးဝတ်စုံတွေကို ဝတ်ဆင်ထားကြတယ်။ အားလုံးရဲ့ မျက်လုံးတွေဟာ ဘုရင်ဧကရာဇ်က ခေါင်းညိတ်ပြီး သီချင်းစဆိုဖို့ အချက်ပြခြင်းခံလိုက်ရတဲ့ မီးခိုးရောင်ငှက်ကလေးဆီမှာပဲ စူးစိုက်နေကြလေရဲ့။

နိုက်တင်ဂေးလ်ဟာ အလွန်ချိုသာတဲ့အသံနဲ့ သီချင်းဆိုလိုက်ပါတော့တယ်။ ဘုရင်ဧကရာဇ်ရဲ့မျက်လုံးတွေမှာမျက်ရည်တွေ ပြည့်လျှံလာပြီး မျက်ရည်ပေါက်တွေအဖြစ်နဲ့ ပါးပြင်ပေါ် လိမ့်ဆင်းကျလာခဲ့တယ်။ နိုက်တင်ဂေးလ်ဟာ ပိုမိုချိုသာစွာ ဆက်လက်သီဆိုခဲ့တယ်။ နားဆင်သူအားလုံးရဲ့နှလုံးသားကိုကိုင်လှုပ်နိုင်ခဲ့တယ်။ ဘုရင်ဧကရာဇ်ဟာအလွန်တရာ ကျေနပ်အားရတော်မူခဲ့ပြီး မိန့်တော်မူခဲ့တယ်။ "နိုက်တင်ဂေးလ်ကို ရွှေဖိနပ်ပါးဆုလေးချသင့်တယ် လည်ပင်းမှာ ဆွဲပေးထားလိုက်ကြပါ"


ဒါပေမဲ့ နိုက်တင်ဂေးလ်က ဆုကို ယဉ်ကျေးစွာ ငြင်းဆိုခဲ့ပါတယ်။ ဒါ့အပြင် သူမဟာ လုံလောက်တဲ့ ဆုချမှုကို ခံယူရရှိပြီးဖြစ်တယ်လို့ ပြောလာခဲ့တယ်။

"ဘုရင်ဧကရာဇ်ရဲ့မျက်လုံးတွေထဲက မျက်ရည်တွေကို ကျွန်မ မြင်တွေ့ခဲ့ရပြီးပါပြီ၊ ဒါဟာ ကျွန်မ ရယူခွင့် ရှိတဲ့ အကြီးမြတ်ဆုံးဆုပါ၊ ဘုရင်ဧကရာဇ်တစ်ပါးရဲ့မျက်ရည်ဆိုတာ ထူးကဲတဲ့တန်ဖိုးတစ်ရပ်ပါ၊ ကျွန်မဟာ ပြည့်စုံလုံလောက်တဲ့ ဆုချခြင်းခံလိုက်ရတယ်ဆိုတာ ကောင်းကင်ဘုံက သိပါတယ်" အဲဒီနောက်မှာ သူမဟာ ချိုသာပြီး ချစ်စရာကောင်းတဲ့အသံနဲ့ နောက်တစ်ကျော့ တေးသီလိုက်ပါတယ်။

"ကြားဖူးထားသမျှတွေထဲက အကြည်သာဆုံး အညုအခရာ အသံပါပဲ" လို့ ဂုဏ်သရေရှိအမျိုးသမီးတွေက ထုတ်ဖော်ပြောဆိုလာကြတယ်။ ပြီးတော့ သူတို့ဟာ သူတို့ရဲ့ ပါးစပ်တွေထဲကို ရေတွေလောင်းထည့်ကြတယ်။ သူတို့ရဲ့လည်ချောင်းတွေကို ငှက်မလေး လှုပ်ရှားသလိုမျိုး လှုပ်ရှားလာအောင် ကြိုးစားကြတယ်။ သူတို့စကားပြောတဲ့အချိန်မှာ နိုက်တင်ဂေးလ်လိုအသံမျိုး ထွက်လာလိမ့်မယ်ဆိုတဲ့ စိတ်ကူးနဲ့ပေါ့။ တကယ်ပဲ နန်းတော်စောင့်လုလင်တွေနဲ့ နန်းတော်သန့်ရှင်းရေးအမျိုးသမီးတွေက သူတို့ လုံးဝ ကျေနပ်အားရတယ်လို့ ကြေညာကြတယ်။ ဒီလိုလူစားတွေဟာ ကျေနပ်အားရဖို့ အခက်အခဲဆုံးလူတွေမို့ သူတို့ လက်ခံတယ်ဆိုကတည်းက ကြီးမားတဲ့အောင်မြင်မှုတစ်ခုလို့ ပြောရမှာပါ။

ဟုတ်ပါတယ်။ တကယ့်ကိုပါပဲ။ နိုက်တင်ဂေးလ်ရဲ့ အောင်မြင်မှုဟာ ပြီးပြည့်စုံမှုရှိပါတယ်။ အခုဆိုရင် သူမကို နန်းတော်မှာပဲ ခေါ်ထားလိုက်ကြပါပြီ။ သူမမှာ ကိုယ်ပိုင်ငှက်လှောင်အိမ်လေးတစ်ခု ရရှိသွားတယ်။ နေ့ဘက်မှာ နှစ်ကြိမ်၊ ညဘက်မှာ တစ်ကြိမ် အပြင်ထွက်ပြီး ပျံသန်းခွင့်ရတယ်။ သူမကို အခြွေအရံ ဆယ့်နှစ်ယောက် ပေးထားတယ်။ သူတို့က သူမရဲ့ခြေထောက်မှာ ချည်နှောင်ထားတဲ့ ပိုးကြိုးကလေးကို ဆွဲကိုင်ထားကြရ

mgyoe.com
တယ်။ ပြီးတော့ သူတို့က ကောင်းကောင်းစောင့်ထိန်းရတယ်။ ဒီလိုပုံစံနဲ့ အပြင်ထွက်ခွင့်ရတာကတော့ ပျော်စရာမကောင်းပါဘူး။



တစ်နိုင်ငံလုံး အံ့ဖွယ်ငှက်ကလေးအကြောင်း ပြောဆိုနေခဲ့ကြတယ်။လူနှစ်ယောက်ဆုံပြီဆိုရင် တစ်ယောက်က 'နိုက်' လို့ ပြောထွက်လိုက်တာနဲ့ တစ်ယောက်က 'ဂေးလ်' ဆိုပြီး အဆုံးသတ်ပေးတော့တယ်။ နောက်တော့ နှစ်ယောက်စလုံး သက်ပြင်းကိုယ်စီချလိုက်ကြပြီး သူတို့ ဘာပြောချင်တယ်ဆိုတာကို အပြန်အလှန် ရှင်းရှင်းလင်းလင်း နားလည်သွားကြလေရဲ့။ တကယ်ပါ။ နိုင်ငံတော်အတွင်းက ကလေးဆယ့်တစ်ယောက်ဟာ 'နိုက်တင်ဂေးလ်' လို့ နာမည်ပေးခြင်း ခံလိုက်ကြရတယ်။ ဒါပေမဲ့ သူတို့ရဲ့အသံကတော့ နိုက်တင်ဂေးလ်နဲ့ တူမလာပါဘူး။

တစ်နေ့မှာ ဘုရင်ဧကရာဇ်ထံကို ပါဆယ်ထုပ်ကြီးတစ်ထုပ်ရောက်တယ်။ အပေါ်မှာ 'နိုက်တင်ဂေးလ်'လို့ ရေးထားတယ်။

"ငါတို့ရဲ့ နာမည်ကျော်ကြားတဲ့ငှက်ကလေးအကြောင်း ရေးထားတဲ့ နောက်ထပ်စာအုပ်သစ်တစ်အုပ် ရောက်လာပြန်ပြီ" လို့ ဘုရင်ဧကရာဇ်က မိန့်ကြားခဲ့တယ်။ ဒါပေမဲ့

mgyoe.com

mgyoe.com
ဒါဟာ စာအုပ်မဟုတ်ပါဘူး။ သေတ္တာတစ်ခု အတွင်း လဲလျောင်းတည်ရှိနေတဲ့ စက်ရုပ်ကလေးတစ်ရုပ်ပါ။ နိုက်တင်ဂေးလ်အတုလေးတစ်ကောင်ပေါ့။ အစစ်နဲ့ ဆင်သလိုလို ရှိပါတယ်။ ဒါပေမဲ့ တစ်ကိုယ်လုံးမှာ စိန်တွေ၊ ပတ္တမြားတွေ၊ နီလာတွေ စီခြယ်ထားတယ်။ အဲဒီငှက်အတုလေးကို သံပတ်ပေးလိုက်တာနဲ့ နိုက်တင်ဂေးလ်အစစ် ဆိုတဲ့ သီချင်းတွေထဲက တေးသွားတစ်ပုဒ်ကို သီဆိုတော့တာပဲ။ ရွှေရောင်ငွေရောင် တောက်နေတဲ့သူ့အမြီးက တစ်ချိန်လုံး အပေါ်အောက် လှုပ်ရှားတယ်။ သူ့လည်ပင်းမှာ ကတ်ပြားလေးတစ်ခု ဆွဲထားပြီး ကတ်ပြားပေါ်မှာ "တရုတ်ဘုရင်ဧကရာဇ်ရဲ့ နိုက်တင်ဂေးလ်က ဂျပန်ဧကရာဇ်ရဲ့ နိုက်တင်ဂေးလ်နဲ့ ယှဉ်နိုင်မယ်မထင်ဘူး" လို့ ရေးထားတယ်။

"ကမ္ဘာကျော်ပြီဟေ့" လို့ တစ်ယောက်က ပြောလိုက်တယ်။ အဲဒီတစ်ယောက်က နိုက်တင်ဂေးလ်ကို သွားခေါ်လာခဲ့သူမို့ 'နိုက်တင်ဂေးလ်ငှက်သယ်ဆောင်သူ အကြီးအကဲ' ဆိုတဲ့ ဘွဲ့တံဆိပ် ရထားခဲ့တဲ့သူပါ။ "အခုဆို သူတို့နှစ်ကောင် သီချင်းတွဲဆိုလို့ ရသွားပြီ၊ အဆိုတော်အတွဲတစ်တွဲ ရသွားတာပေါ့"

ဒီလိုနဲ့ သူတို့နှစ်ကောင်ကို အတူတူ ဆိုခိုင်းကြတယ်။ မအောင်မြင်ဘူး။ နိုက်တင်ဂေးလ်အစစ်က ကိုယ်ပိုင်နည်းလမ်းနဲ့ သီချင်းဆိုတာလေ။ ငှက်အတုကျတော့ သူ့အသံကို ဘီးလုံးချင်း ပွတ်တိုက်ပြီးမှ အသံထွက်အောင် လုပ်ယူရတာ။ "ဒါဟာ ငှက်အတုရဲ့ အပြစ်မဟုတ်ပါဘူး" လို့ ကျွမ်းကျင်ပညာရှင်က ပြောပြတယ်။ "သူ့မှာ သတ်မှတ်ထားတဲ့ အချိန်ရှိနေတယ်၊ ဒါက ဖန်တီးတည်ဆောက်ထားတဲ့အတိုင်းပဲလေ"

ဒါကြောင့် ငှက်အတုကို တစ်ကောင်တည်းပဲ ဆိုခိုင်းတော့တယ်။ နိုက်တင်ဂေးလ်အစစ် အောင်ပွဲရသလို သူလည်း လုံးဝအောင်မြင်မှု ရခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူက ပိုပြီး ကြည့်လို့ကောင်းတယ်၊ ပိုလှတယ် ဆိုတာ ဖြစ်လာတယ်။ သူ့အမွေးတွေက ကျောက်သံပတ္တမြားလို ပြိုးပြက်လက်နေတာကိုး။

သူဟာ တေးသွားတစ်ခုတည်းကိုပဲ သုံးဆယ့်သုံးကြိမ်ဆိုခဲ့တယ်။ ငြီးငွေ့ သွားခြင်းမျိုး မဖြစ်ကြဘဲ လူတိုင်းက ထပ်ပြီးနားထောင်ချင်နေကြတယ်။ ဘာပဲဖြစ်ဖြစ် ဘုရင်ဧကရာဇ်က နိုက်တင်ဂေးလ်အစစ်ကို တစ်ခုခုဆိုခိုင်းချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာတယ်။ ဒါပေမဲ့ သူမ ဘယ်ရောက်သွားသလဲ။ သူမဟာ ပွင့်နေတဲ့ပြတင်းပေါက်ကနေ ထွက်သွားပြီး သူမရဲ့ဇာတိ အစိမ်းရောင်တောအုပ်ဆီ ပျံသန်းသွားတာကို တစ်ယောက်မှ သတိမထားမိလိုက်ကြဘူး။

"ဒါက ဘာအဓိပ္ပာယ်လဲ" လို့ ဘုရင်ဧကရာဇ်က ရေရွတ်လိုက်တော့ နန်းတွင်းသူနန်းတွင်းသားအားလုံးပဲ နိုက်တင်ဂေးလ်ကို အပြစ်တင်ကြတယ်။ အဆင့်အတန်းမရှိဆုံး သတ္တဝါတစ်ကောင်လို့ နာမည်ပေးကြတယ်။ "ငါတို့မှာ အချိန်အခါမရွေး သုံးနိုင်တဲ့ အကောင်းဆုံးငှက်ကို ပိုင်ဆိုင်ထားပြီ" လို့ သူတို့ကပြောကြတယ်။ ဒါ့အပြင် တေးသွား
mgyoe.com

mgyoe.com
တစ်ခုတည်းကိုပဲ လေးဆယ့်သုံးခေါက်တိတိ နားထောင်ခဲ့ပြီးဖြစ်ပေမဲ့ သူတို့ အဲဒီတေးသွားကို ကောင်းကောင်းမမှတ်မိကြသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတေးသွားဟာ တော်တော်ခက်ခဲလို့ပါပဲ။ ကျွမ်းကျင်ပညာရှင်က စက်ရုပ်ငှက်ဟာ အလွန်အဆင့်မြင့်တယ်လို့ ချီးကျူးလိုက်တယ်။ စိန်တွေနဲ့ လင်းလက်နေတဲ့ သူ့အပြင်ပိုင်း ကိုယ်ခန္ဓာသာမက အတွင်းပိုင်းဖွဲ့စည်းမှုတွေကပါ နိုက်တင်ဂေးလ်အစစ်ထက် သာလွန် ကောင်းမွန်တယ်လို့ တကယ်ကြေညာခဲ့တယ်။

"ရှုစားတော်မူပါ အရှင်၊ ဘုန်းတော်ကြောင့် နိုက်တင်ဂေးလ်အစစ်ဟာ ဘယ်ကနေ ဘယ်လိုအသံတွေ ထွက်လာသလဲဆိုတာကို တွက်ဆလို့မရပါဘူး၊ ဒါပေမဲ့ ငှက်အတုကျတော့ အရာရာဟာ အခြေတကျဖြစ်ပြီးသားပါ၊ ဒီနည်းလမ်းတစ်လမ်းတည်းနဲ့သာ သီချင်းဆိုပါလိမ့်မယ်၊ တခြားနည်းလမ်း မရှိပါဘူး၊ အဲဒီနည်းလမ်းကိုလည်း သက်သေပြလို့ရပါတယ်၊ သူ့ကို အစိတ်အပိုင်းလေးတွေအဖြစ် ဖြုတ်ပစ်လိုက်လို့ ရပါတယ်၊ ပြီးတော့ ဘယ်လိုအလုပ်လုပ်သလဲဆိုတာ လေ့လာလို့ရပါတယ်၊ ဘီးတွေ ဘယ်နေရာမှာ ရှိတယ်၊ သူတို့ ဘယ်လိုလှုပ်ရှားကြတယ်၊ ဘီးတစ်ဘီးနောက်ကနေ တခြားဘီးတစ်ဘီးက ဘယ်လိုလိုက်ပါလှုပ်ရှားတယ်ဆိုတာတွေ သိနိုင်ပါတယ်"

"ဒါဟာ ငါ ထင်ထားတဲ့အတိုင်းပဲ" လို့ လူတိုင်းက ပြောကြတယ်။ ဒီလိုနဲ့ ကျွမ်းကျင်ပညာရှင်ဟာ လာမယ့်တနင်္ဂနွေနေ့မှာ စက်ရုပ်ငှက်ကို လူထုကြီးရှေ့မှောက်မှာ သီချင်းဆိုပြခိုင်းဖို့ ခွင့်ပြုမိန့် ရရှိသွားတယ်။ "သူတို့လည်း သူ သီချင်းဆိုတာကို နားထောင်ခွင့်ရသင့်တာပေါ့" လို့ ဘုရင်ဧကရာဇ်က မိန့်တော်မူတယ်။

ဒီလိုနဲ့ သူသီချင်းဆိုတာကိုသူတို့တစ်တွေနားထောင်ခွင့်ရခဲ့တယ်။ကောင်းကောင်းကြီး သဘောကျသွားကြတယ်။ တရုတ်လူမျိုးတွေရဲ့အကြိုက်၊ လက်ဖက်ခြောက် ခတ်ထားတဲ့ရေနွေးကြမ်းကို သောက်လိုက်ရသလိုမျိုး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြတာ။ သူတို့အားလုံး "အိုး" လို့ အော်လိုက်ကြတယ်။ လက်တွေကို လေထဲမှာ မြှောက်ကြတယ်။ ခေါင်းတွေကို ညိတ်ကြတယ်။ ဒါပေမဲ့ နိုက်တင်ဂေးလ်အစစ် သီချင်းဆိုတာကို ကြားဖူးထားတဲ့ တံငါသည်တစ်ယောက်ကတော့ အခုလို ပြောလာခဲ့တယ်။ "ငှက်အစစ်တစ်ကောင်လောက်နီးပါး အသံအတော်သာပါတယ်၊ ဒါပေမဲ့ တစ်ခုခုတော့လိုနေသေးတယ်၊ ဘာလိုနေတာလဲဆိုတာတော့ ငါ မသိဘူး"

ဘာပဲဖြစ်ဖြစ် နိုက်တင်ဂေးလ်အစစ်ကတော့ အင်ပိုင်ယာပိုင်နက်အတွင်းကနေ မောင်းထုတ်ခြင်းခံလိုက်ရပါပြီ။ ငှက်အတုကို ဘုရင်ဧကရာဇ်ရဲ့သလွန်တော်အနီးက ပိုးသားကူရှင်ပေါ်မှာ နေရာပေးထားတယ်။ ရွှေနဲ့ ကျောက်မျက်ရတနာတွေ၊ သူ လက်ခံရရှိထားတဲ့ လက်ဆောင်အားလုံးဟာ သူ့ပတ်ပတ်လည်မှာ စုပုံနေတယ်။ 'အင်ပိုင်ယာဆိုင်ရာ အဆင့်မြင့်အချိုပွဲ အဆိုတော်' ဆိုတဲ့ဘွဲ့နဲ့ အဆင့်တစ်ခုကို ပိုင်ဆိုင်ထားသေးတယ်။
mgyoe.com

mgyoe.com


ဒါကြောင့် သူ့နေရာဟာ ဘယ်ဘက်ခြမ်းမှာဆိုရင် နံပါတ်'တစ်'နေရာမှာ ရှိတယ်။ ဘုရင်ဧကရာဇ်ရဲ့အယူအဆက နှလုံးသားတည်ရှိတဲ့ အခြမ်းဟာ ဂုဏ်ယူစရာအကောင်းဆုံး အခြမ်းပဲတဲ့။ တခြားလူသာမန်တွေလိုပဲ ဘုရင်ဧကရာဇ်ရဲ့နှလုံးသားကလည်း ဘယ်ဘက်ခြမ်းမှာပဲ ရှိတာကိုး။

ပြီးတော့ ကျွမ်းကျင်ပညာရှင်က ငှက်အတုအကြောင်း စာအုပ်ပြုစုတာ အတွဲပေါင်း ၅၂၀ လောက်ရှိတယ်။ တရုတ်စာထဲမှာ အခက်ခဲဆုံး၊ အရှည်လျားဆုံးစာလုံးတွေ သုံးပြီး ရေးထားတယ်။ အားလုံးက ပြောကြတာတော့ သူတို့ဖတ်ပြီးသွားကြပြီ၊ ဖတ်ရတာလည်း ရှင်းပါတယ်တဲ့။ သူတို့တစ်တွေ ရူးသွပ်နေကြတာများလား။ ဒါမှမဟုတ် ကြာပွတ်နဲ့အရိုက်ခံရမှာစိုးလို့ ပြောရတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒီလိုနဲ့ တစ်နှစ်လောက် ကြာသွားခဲ့တယ်။ ဘုရင်ဧကရာဇ်ရော၊ နန်းတော်တစ်ခုလုံးရော၊ တရုတ်အမျိုးသားအားလုံးပါ ငှက်အတုဆိုတဲ့သီချင်းရဲ့ ဂီတသင်္ကေတတိုင်းကို အလွတ်ရကုန်ကြတယ်။ ဒါဟာလည်း သူတို့တစ်တွေ အဲဒီသီချင်းကို အလွန် နှစ်သက်ရတဲ့အကြောင်းရင်းပဲ။ အခုဆိုရင် သူတို့ဟာ သူနဲ့အတူ သီချင်းလိုက်ဆိုနေနိုင်ကြပြီ။ လမ်းပေါ်က ကလေးငယ်လေးတွေက "ဇီဇီဇီ၊ ကလပ်ခ်၊ ကလပ်ခ်" လို့ သီဆိုကြတယ်။ ဘုရင်ဧကရာဇ်လည်း သူ့ဘာသာ အဲဒီသီချင်းကို ဆိုနိုင်နေပြီ။ ဟုတ်ပါတယ်။ တကယ်ပါပဲ။ ဒါဟာ ချစ်စရာကောင်းပါတယ်။

ဒါပေမဲ့ ညနေခင်းတစ်ခင်းမှာပေါ့။ စက်ရုပ်ငှက်က အသံကုန်မြှင့်သီချင်းဆိုနေပြီး ဘုရင်ဧကရာဇ်က သလွန်ပေါ်မှာ လှဲလျောင်းရင်း နားသောတဆင်နေတယ်။ အဲဒီအချိန်မှာပဲ ရုတ်တရက်ဆိုသလို ငှက်ရဲ့ကိုယ်အတွင်းပိုင်းကနေ 'ဘန်း' ဆိုတဲ့ အသံတစ်သံ ထွက်လာတယ်။ ပြီးတော့ တစ်စုံတစ်ခု ခုန်ထွက်သွားသလိုမျိုး 'ဖွား' ဆိုတဲ့ အသံကိုပါ ကြားရတယ်။ ဘီးတွေအားလုံး လည်နေသလိုဖြစ်နေပေမဲ့ ဂီတသံကတော့ ရပ်ဆိုင်းသွားပါပြီ။

ဘုရင်ဧကရာဇ်ဟာ သလွန်ပေါ်ကနေ ခုန်ထလိုက်တယ်။ သမားတော်ကြီးကို ခေါ်တယ်။ ဒါပေမဲ့ သူက ဘယ်လိုလုပ် အသုံးတည့်မှာလဲ။ နောက်တော့ နာရီဆရာ

mgyoe.com

mgyoe.com
တစ်ဦးကို ခေါ်ရတယ်။ ဆွေးနွေးမှုတွေ၊ တိုင်ပင်မှုတွေ အများကြီးလုပ်ခဲ့ရပြီး နောက်ဆုံးမှာတော့ ငှက်ကို ပြန်ကောင်းလာအောင်လုပ်ဖို့ ပြင်ဆင်မှုတချို့ လုပ်ရမယ်လို့ အဖြေထွက်လာတယ်။ ဒါပေမဲ့ နာရီဆရာပြောတာက ငှက်ကို အကြာကြီးတော့ သီချင်းဆိုခိုင်းလို့ မရတော့ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ စက်ထဲက ငုတ်ကလေးတွေဟာ ပျက်စီးလုနီးပါးဖြစ်နေလို့ပါတဲ့။ အနည်းဆုံး ဂီတသံကို အရင်အတိုင်းထွက်စေချင်တယ်ဆိုရင် အဲဒီ ငုတ်ကလေးတွေကို ဒီအတိုင်းထားမှ ဖြစ်မယ်တဲ့။ အသစ်လဲတပ်လို့ မဖြစ်ဘူးတဲ့။

ဒါဟာ အကြီးအကျယ် ဝမ်းနည်းစရာပါ။ ငှက်အတုဟာ တစ်နှစ်မှာ တစ်ခါပဲ သီချင်းဆိုနိုင်ပါတော့တယ်။ ဒါတောင်မှ အခက်အခဲတွေ အများကြီးနဲ့ပါ။ ဘာပဲဖြစ်ဖြစ် ကျွမ်းကျင်ပညာရှင်က သူ့ရဲ့စကားလုံးအရှည်ကြီးတွေ သုံးပြီး မိန့်ခွန်းတိုကလေးတစ်ခု ခြွေလိုက်ပါသေးတယ်။ ငှက်ဟာ အရင်ကလိုပဲ အသံကောင်းနေတုန်းပါပဲတဲ့။ အဲဒီနောက်မှာတော့ ဟုတ်ပေမှာပေါ့လေ၊ ငှက်ဟာ အရင်ကလိုပဲ အသံကောင်းနေမှာပေါ့။

ငါးနှစ်တာကာလ ကုန်ဆုံးသွားတဲ့အခါမှာတော့ အင်ပိုင်ယာတစ်ခုလုံးမှာ ဒုက္ခကြီးတစ်ခု ကျရောက်လာခဲ့တယ်။ လူထုတွေဟာ သူတို့ရဲ့ ဘုရင်ဧကရာဇ်အတွက် အတော်ကြီးကို တွေးပူနေကြရတယ်။ အခု သူ ဖျားနေပြီလေ။ အသက်မရှင်နိုင်တော့ဘူးလို့ သတင်းထွက်လာတယ်။ ဘုရင်ဧကရာဇ်အသစ်တစ်ပါးကိုတောင် ရွေးချယ်ထားပြီးကြပြီ။ နန်းတော်ရဲ့အပြင်ဘက် လမ်းမပေါ်မှာ လူထုကြီးက ရပ်နေကြတယ်။ အမတ်ကြီးကို ဘုရင်ဧကရာဇ်ရဲ့အခြေ အနေ ဘယ်လိုလဲလို့ မေးကြတယ်။

'ရွှတ်' လို့ သူက ပြောတယ်။ ပြီးတော့ သူ့ခေါင်းကို ခါရမ်းတယ်။

ခမ်းနားထည်ဝါတဲ့ သလွန်တော်ပေါ်မှာ ဘုရင်ဧကရာဇ်ဟာ အေးစက်စက် ဖြူရော်ရော်နဲ့ လှဲလျောင်းနေတယ်။ နန်းတော်တစ်ခုလုံးက သူ့ကို သေတော့မယ်လို့ ယုံကြည်နေကြတယ်။ လူတိုင်းပဲ ဘုရင်ဧကရာဇ်အသစ်ကို နှုတ်ဆက်ဂုဏ်ပြုဖို့ ကတိုက်ကရိုက် လှုပ်ရှားသွားလာနေကြတယ်။ အဲဒီအကြောင်းအရာအပေါ်မှာ နန်းတွင်းသားတွေက အတင်းအဖျင်း ပြောကြတယ်။ နန်းတွင်းသူတွေက ခမ်းနားတဲ့ကော်ဖီပါတီပွဲ ကျင်းပပြီး တွတ်ထိုးကြတယ်။

အခန်းတိုင်းရဲ့ကြမ်းပြင်တွေ၊ ဝင်ပေါက်ထွက်ပေါက်တွေမှာ အဝတ်တွေ ခင်းထားကြတယ်။ ခြေသံတစ်ချက်မှ မကြားရအောင်လို့ပါ။ နေရာတိုင်းမှာ အလွန်တရာ တိတ်ဆိတ်ငြိမ်သက်နေတယ်။ အလွန်တရာကို တိတ်ဆိတ်နေတာပါ။ ဒါပေမဲ့ ဘုရင်ဧကရာဇ်ဟာ နတ်ရွာမစံသေးပါဘူး။ လေးလံတဲ့ ရွှေပန်းပွားတွေ၊ ရှည်လျားတဲ့ ကတ္တီပါကန့်လန့်ကာတွေ တပ်ဆင်ထားတဲ့ ခမ်းနားထည်ဝါတဲ့ သလွန်တော်ပေါ်မှာ တောင့်တင်းပြီး ဖျော့တော့စွာ လှဲလျောင်းနေတယ်။ ခေါင်းရင်းဘက်ပြတင်းပေါက်တစ်ပေါက်ကို ဖွင့်ထားတော့ လရောင်ဟာ ဘုရင်ဧကရာဇ်နဲ့ ငှက်အတုအပေါ်မှာ ထိုးကျနေတယ်။
mgyoe.com




သနားစဖွယ် ဘုရင်ဧကရာဇ်ဟာ အသက်ကို ခက်ခက်ခဲခဲ ရှူနေရတယ်။ ဖြစ်နေပုံက သူ့ရင်ဘတ်ပေါ်မှာ တစ်စုံတစ်ယောက်က တက်ထိုင်နေသလိုမျိုး။ သူ့မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ ထိုင်နေတာက သေမင်း။ သေမင်းဟာ ဘုရင်ဧကရာဇ်ရဲ့ သရဖူကို ဆောင်းထားပြီး လက်တစ်ဖက်က တစ်ဖက်သွား ဖြက်ကျယ်ဓားကောက်ကို ကိုင်ထားတယ်။ နောက်လက်တစ်ဖက်မှာတော့ ခမ်းနားတဲ့အင်ပိုင်ယာအောင်လံကို ကိုင်ထားတယ်။ တွဲလောင်းကျနေတဲ့ ထူထဲတဲ့ ကတ္တီပါစ အတွန့်အခေါက်တွေအောက်မှာ ထူးဆန်းတဲ့ ပုံသဏ္ဍာန်တွေဆောင်နေတဲ့ဦးခေါင်းတွေက တိုးဝှေ့ချောင်းကြည့်နေကြတာကို မြင်ရတယ်။ တချို့ဦးခေါင်းတွေက လုံးဝပုန်းလျှိုးကွယ်လျှိုးအမူအရာတွေနဲ့ ဖြစ်နေကြပြီး တချို့ဦးခေါင်းတွေကျတော့ ထူးထူးကဲကဲ သိမ်မွေ့ပြီး ချစ်စဖွယ်အသွင်အပြင်တွေ ဖြစ်နေကြတယ်။ သူတို့ဟာ ဘုရင်ဧကရာဇ်ရဲ့ မကောင်းမှုကံ၊ ကောင်းမှုကံတွေပဲလေ။ သေမင်းက သူ့နှလုံးသားပေါ်တက်ထိုင်နေချိန်မှာ အဲဒီကံကြမ္မာဦးခေါင်းတွေက သူ့ကို စိုက်ကြည့်နေကြတယ်။

"သင် အဲဒါကို သိသလား" သူတို့ဟာ တစ်ယောက်ပြီးတစ်ယောက် တီးတိုးပြောဆိုလာကြတယ်။ "သင် ဟိုဟာကို သိသလား" ပြီးတော့ သူတို့ဟာ သူ့ကို ပြစ်တင်ဝေဖန်တဲ့အမူအရာတွေ ပြလာကြတယ်။ သူ့နဖူးပေါ်မှာ ချွေးစို့လာတယ်။

"ဒီလိုဟာတွေကို ငါ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး" ဘုရင်ဧကရာဇ်က ပြောထွက်လာတယ်။ "ဂီတသံ၊ ဂီတသံ၊ ကြီးကျယ်ခမ်းနားတဲ့ တရုတ်ဗုံသံကို အလိုရှိတယ်" လို့ သူ အော်ဟစ်ခဲ့တယ်။ "သူတို့ပြောဆိုနေကြတာကမကြားပါရစေနဲ့"

mgyoe.com
ဘာပဲဖြစ်ဖြစ် သူတို့ ဆက်ပြောနေကြတုန်းပဲ။ တရုတ်ဖက်ရှင်ကို လုံးဝဆင်မြန်းထားတဲ့ သေမင်းက စကားလုံးတိုင်းမှာ ခေါင်းတဆတ်ဆတ်နဲ့။

"ဂီတသံ၊ ဂီတသံ" ဘုရင်ဧကရာဇ်က အော်ဟစ်တယ်။ "ချစ်လှစွာသော အသင်ငှက်တုကလေး၊ သီချင်းဆိုပါ၊ ကျွန်ုပ် အသင့်ကို တောင်းပန်ပါတယ်၊ သီချင်းဆိုပါ၊ ကျွန်ုပ် အသင့်ကို ရွှေနဲ့ ကျောက်သံပတ္တမြားတွေ ပေးထားပြီးပြီပဲ၊ ကျွန်ုပ်ရဲ့ ရွှေဖိနပ်ပါးကိုတောင် သင့်လည်ပင်းမှာ ဆွဲပေးထားပြီးပြီပဲ၊ သီချင်းဆိုပါ၊ ကျွန်ုပ် အသင့်ကို တောင်းပန်ပါတယ်၊ သီချင်းဆိုပါတော့"

ဒါပေမဲ့ ငှက်က ငြိမ်သက်နေတယ်။ ဘယ်သူကမှ သူ့ကို သံပတ်မပေးဘဲနဲ့ သူ ဘယ်လိုလုပ် သီချင်း ဆိုနိုင်မှာလဲ။ သေမင်းဟာ သူ့ရဲ့မျက်လုံးဟောက်ပက်ကြီးတွေနဲ့ ဘုရင်ဧကရာဇ်ကို ဆက်လက်ခြောက်လှန့်နေတုန်းပဲ။ နေရာတကာမှာ တိတ်ဆိတ်နေတယ်။ ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်နေတယ်။

အဲဒီအခိုက်အတန့်မှာ ချက်ချင်းဆိုသလို ပြတင်းပေါက်ဆီကနေ အချိုသာဆုံး သီချင်းသံ ပေါ်ထွက်လာတယ်။ အဲဒါ အပြင်ဘက်က သစ်ကိုင်းတစ်ကိုင်းမှာ နားနေတဲ့ သက်ရှိ နိုက်တင်ဂေးလ်ကလေးပေါ့။ သူမဟာ ဘုရင်ဧကရာဇ် အသည်းအသန်ဖျားနေတယ်လို့ သတင်းကြားရတဲ့အတွက် သက်သာစေဖို့၊ မျှော်လင့်ချက်ရှိစေဖို့ သီချင်း လာဆိုပေးတာလေ။ သူမ သီချင်းဆိုလိုက်တာနဲ့ တစ္ဆေလိုပုံသဏ္ဍာန်တွေဟာ ဖျော့တော့သထက် ဖျော့တော့သွားတယ်။ ဘုရင်ဧကရာဇ်ဘက်က ရပ်တည်တဲ့ အားနည်းချည့်နဲ့ နေတဲ့ ရဲဘော်ရဲဘက်တွေဟာ မြန်သထက်မြန်အောင် သွေးသစ်လောင်းခြင်း ခံလိုက်ကြရတယ်။ သေမင်းတောင်မှ နားစွင့်လိုက်ရတယ်။ ပြီးတော့ "ဆက်ဆိုပါ နိုက်တင်ဂေးလ် ငှက်ကလေး၊ ဆက်ဆိုပါ" လို့ ပြောလိုက်တယ်။

"အသင်က ကျွန်တော်မျိုးမကို ခမ်းနားလှပတဲ့ ရွှေတစ်ဖက်သွား ဖြက်ကျယ်ဓားကောက်ကို ပေးနိုင်မှာလား၊ အသင်က ကျွန်တော်မျိုးမကို ပေါ့ပါးမြူးကြွတဲ့ အောင်လံတော်ကို ပေးနိုင်မှာလား၊ ပြီးတော့ ဘုရင်ဧကရာဇ်ရဲ့ သရဖူလေ"

ဒီလိုနဲ့ သေမင်းဟာ သီချင်းတစ်ပုဒ်အတွက်ကြောင့် အဲဒီအဖိုးတန်ပစ္စည်းတွေ အားလုံးကို ပေးအပ်ခဲ့ပါတော့တယ်။ ဒီတော့မှ နိုက်တင်ဂေးလ်ဟာ သီချင်းဆက်ဆိုပါတယ်။ သူမ သီဆိုတာကချမ်းအေးတဲ့ဘုရားရှိခိုးကျောင်း ဝန်းခြံအကြောင်းပါ။ အဲဒီမှာ အဖြူရောင်နှင်းဆီပန်းတွေ ပွင့်နေကြတယ်။ အဲဒီမှာ လိုင်းလက်ပန်းတွေရဲ့ မွှေးရနံ့တွေ ကြိုင်လှိုင်နေတယ်၊ လန်းဆန်းတဲ့မြက်ခင်းတွေမှာတော့ ကွယ်လွန်သူမိတ်ဆွေများအတွက် ဝမ်းနည်းခဲ့ရတဲ့မျက်ရည်တွေ ခိုသီးလို့။ အဲဒီနောက်မှာတော့ သေမင်းဟာ သူ့ရဲ့ဥယျာဉ်ကို အဲဒီလိုမျိုးဖြစ်ချင်တဲ့ဆန္ဒက ကြီးစိုးသွားတယ်။ ပြီးတော့ အေးစက်တဲ့အဖြူရောင် အရိပ်တစ်ခုလို ပြတင်းပေါက်ကနေ ပျံသန်းထွက်ခွာသွားခဲ့တယ်။
mgyoe.com

mgyoe.com"ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်"ဘုရင်ဧကရာဇ်က ပြောထွက်လာတယ်။ "ကောင်းကင်ဘုံက အသင်ငှက်ကလေး၊ အသင်ဟာ သူတို့ကို ကောင်းကောင်းသိတာပဲ၊ အသင်ဟာ သူတို့ကို ကျွန်ုပ်ရဲ့ပတ်ဝန်းကျင်ကနေဖယ်ရှားနိုင်ခဲ့ပါပြီ၊ အသင်ဟာ သီချင်းဆိုပေးလိုက်ခြင်းအားဖြင့် ကျွန်ုပ်ရဲ့သလွန်ဆီက မကောင်းဆိုးဝါးမျက်နှာတွေနဲ့ ကျွန်ုပ်ရဲ့နှလုံးသားပေါ်က သေမင်းကို အဝေးသို့ နှင်ထုတ်ပေးခဲ့ပါပြီ၊ ဒီအတွက် အသင့်ကို ဘယ်လိုမျိုး ဆုချပေးရမလဲဆိုတာ သိချင်ပါတယ်"

"အသင်မင်းကြီးဟာ ကျွန်တော်မျိုးမကို ဆုချပေးခဲ့ပါပြီ" လို့ နိုက်တင်ဂေးလ်က ပြောလိုက်တယ်။ "ပထမဆုံးအကြိမ် အသင်မင်းကြီးကို သီချင်းဆိုပြခဲ့တုန်းက အသင်မင်းကြီးရဲ့ မျက်လုံးတွေထဲက မျက်ရည်တွေကို မြင်ဖူးခဲ့ပါတယ်၊ အဲဒါကို ကျွန်တော်မျိုးမ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူး၊ အဲဒီမျက်ရည်တွေဟာ ခြေသလုံးအိမ်တိုင်သီချင်းသည်တစ်ဦးအတွက်တော့ အလွန့်အလွန် အဖိုးထိုက်တန်တဲ့ ကျောက်သံပတ္တမြားတွေပါ၊ ဒါပေမဲ့ အသင်မင်းကြီး အခု အိပ်လိုက်ပါ၊ ပြီးတော့ လန်းလန်းဆန်းဆန်း ကျန်းကျန်းမာမာနဲ့ နိုးထလိုက်ပါ၊ အသင် အိပ်ပျော်သွားအောင် ကျွန်ုပ် သီချင်းဆိုပေးပါ့မယ်"

သူမ သီချင်းဆိုလိုက်တဲ့အခါ ဘုရင်ဧကရာဇ်ဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတော့တယ်၊ အိုး ... ဘယ်လောက်တောင် နူးညံ့ပြီး ဘယ်လောက်တောင် ယုယကြင်နာတဲ့ အိပ်စက်မှုမျိုးပါလဲကွယ်။ ကျန်းမာသန်စွမ်းစွာ သူ နိုးထလာတဲ့အချိန်မှာ ပြတင်းပေါက်မှာ နေရောင်ခြည် ထွန်းလင်းနေပါပြီ။ သူ့ရဲ့အစေခံတွေကတော့ တစ်ယောက်မှ ရောက်မလာကြပါဘူး။သေမှာပဲလို့ ယုံကြည်ထားကြလို့ပါ။ ဒါပေမဲ့ နိုက်တင်ဂေးလ်ကတော့ဆက်လက်နားနေပြီး ဆက်လက်သီချင်းဆိုနေခဲ့ပါတယ်။

"အသင်ဟာ ကျွန်ုပ်နဲ့အတူ အမြဲတမ်းနေသွားပေးပါ" ဘုရင်ဧကရာဇ်က ပြောပြခဲ့တယ်။ "သီချင်းဆိုပြရတယ်ဆိုရင်လည်း အသင်ပျော်ရွှင်မှသာ ဆိုပေးပါ၊ ဆက်ပြီး ပြောပြချင်တာက ငှက်အတုနဲ့ ပတ်သက်တဲ့ကိစ္စပဲ၊ ကျွန်ုပ် သူ့ကို အစိတ်စိတ်အမွှာမွှာနဲ့ အစိတ်တစ်ထောင်လောက်ဖြစ်အောင် ချေမွဖျက်ဆီးပစ်လိုက်မယ်"

"အဲဒီလို မလုပ်ပါနဲ့" နိုက်တင်ဂေးလ်ကပြောတယ်။ "အမှန်ကတော့ သူလုပ်နိုင်သလောက် သူလုပ်ခဲ့တာပဲလေ၊ သူ့ကိုစောင့်ရှောက်ပေးပါ၊ကျွန်တော်မျိုးမကတော့နန်းတော်ထဲမှာမနေနိုင်ပါဘူး၊ ဒါပေမဲ့ ကျွန်တော်မျိုးမ လာချင်တဲ့အချိန်မှာလာလို့ရအောင်တော့အခွင့်ပေးပါ၊ ပြတင်းပေါက်နဲ့ နီးတဲ့သစ်ကိုင်းတွေမှာ ကျွန်တော်မျိုးမ လာနားပါလိမ့်မယ်၊ ညနေစောင်းအချိန်ဖြစ်ဖို့ များပါတယ်၊ ပြီးတော အရှင်မင်းကြီးအတွက် သီချင်းသီဆိုပေးမှာပါ၊ အဲဒီအခါ အရှင်မင်းကြီးလည်း ပျော်ရွှင်ပါလိမ့်မယ်၊ အတွေးအခေါ်တွေလည်း ကွန့်မြူးလာပါလိမ့်မယ်"

"ကျွန်တော်မျိုးမဟာ အရှင်မင်းကြီးအတွက် ပျော်စရာတွေရော၊ ဝမ်းနည်းစရာ
mgyoe.com



mayoe.com

တွေပါ အားလုံးကို တေးသီပေးပါ့မယ်၊
ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ်
အရှင်မင်းကြီး နဲ့ ပတ်သက်သမျှကို
ကျွန်တော်မျိုးမ သီဆိုပေးပါ့မယ်၊
ခြေသလုံးအိမ်တိုင် သီချင်းသည်လေးတစ်ဦး
အဖို့ ပျံသန်းရင်းနဲ့ တံငါသည်ရဲ့တဲကိုလည်း
ရောက်သွားနိုင်တယ်၊ တောင်သူလယ်သမားရဲ့
လယ်စောင့်တဲကိုလည်း ရောက်သွားနိုင်တယ်၊
အရှင်မင်းကြီးနဲ့ အရှင်မင်းကြီးရဲ့ နန်းတော်ကနေ
အလွန်ဝေးကွာတဲ့အရပ်မှာရှိတဲ့သူတွေ ဆီကိုလည်း
ရောက်သွားနိုင်ပါတယ်၊ ကျွန်တော်မျိုးမဟာ
အရှင်မင်းကြီးရဲ့ သရဖူထက် အရှင်မင်းကြီးရဲ့
နှလုံးသားကို ပိုပြီး ချစ်မြတ်နိုးပါတယ်၊ ဒါပေမဲ့
သရဖူဆိုတာကလည်း သူ့အကြောင်းနဲ့သူ
မြင့်မြတ်တဲ့ အနံ့အသက် ရှိနေတာပါ၊
ကျွန်တော်မျိုးမ အရောက် လာခဲ့ပါ့မယ်၊
သီချင်းဆိုပါ့မယ်၊ ဒါပေမဲ့
အရှင်မင်းကြီးက ကျွန်တော်မျိုးမကို
တစ်ခုတော့ ကတိပေးပါ"
"ဘယ်နှစ်ခုဖြစ်ဖြစ် ကတိပေးနိုင်တယ်"
လို့ ဘုရင်ဧကရာဇ်က ပြောလိုက်တယ်။
အခုတော့ သူဟာ သူကိုယ်တိုင်
ဆင်မြန်းထားတဲ့ ခံ့ညားထည်ဝါမှုတွေနဲ့ ရပ်တည်နိုင်နေပါပြီ။
ပြီးတော့ ရွှေနဲ့လုပ်ထားပြီး အလွန်လေးလံလှတဲ့ တစ်ဖက်သွား ဗြက်ကျယ် ဓားကောက်ကို သူ့ရဲ့ နှလုံးသားဘက်က လက်မှာကိုင်တွယ် ထားနိုင်ပါပြီ။

"အရှင်မင်းကြီး ကတိပေးရမယ့် ကျွန်တော်မျိုးမ တောင်းဆိုချင်တာတစ်ခုကတော့ အရှင်မင်းကြီးကို အရာကိစ္စအားလုံး ပြောပြပေးနိုင်တဲ့ငှက်ကလေးတစ်ကောင် ရှိနေတယ်ဆိုတာကို ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ အသိ မပေးဖို့ပါဘဲ၊ ဒါဆိုရင် အရာအားလုံး အဆင်ပြေချောမွေ့သွားပါလိမ့်မယ်" သည့်နောက်မှာတော့ နိုက်တင်ဂေးလ်ဟာ အဝေးဆီ ပျံသန်းသွားပါတော့တယ်။


အခြွေအရံတွေက သူတို့ရဲ့ဘုရင်ဧကရာဇ်အလောင်းကို ကြည့်ဖို့ ရောက်လာကြ

mayoe.com

mgyoe.com
တယ်။ အာမေဒိုတ်သံတွေ ထွက်သွားရပြီး သူတို့ မင်တက်မိ မတ်တတ်ရပ်နေကြစဉ်မှာ ဘုရင်ဧကရာဇ်က "မင်္ဂလာနံနက်ခင်းပါ" လို့ နှုတ်ဆက်လိုက်တယ်လေ။

♥ ♥ ♥

mgyoe.com



# ကောင်လေး တပ်ခ်

ရယ်စရာကောင်းတဲ့နာမည်လေး တစ်ခုပါ။ ဟုတ်ပ့ါ။ 'တပ်ခ်' တဲ့လေ။ ဘာပဲဖြစ်ဖြစ် ဒါဟာ ကောင်လေးရဲ့နာမည်အစစ်တော့ မဟုတ်ပါဘူး။ သူ့ရဲ့ တကယ့် နာမည်က 'ကားလ်' လို့ ခေါ်တယ်ကွဲ့။ ဒါပေမဲ့ သူ အရမ်းကို ငယ်ရွယ်သေးတဲ့အချိန်မှာ စကားမပီလေတော့ သူကိုယ်သူ 'တပ်ခ်' 'တပ်ခ်' နဲ့ ပြောလေ့ရှိသတဲ့။ ဘာဖြစ်လို့ပါလိမ့်နော်။ ပြောရတော့ခက်သား။ 'တပ်ခ်' ဆိုတဲ့အသံက 'ကားလ်'ဆိုတဲ့အသံနဲ့ လုံးဝတူတာမှ မဟုတ်တာ။ ဘာပဲဖြစ်ဖြစ် သူ့ကို သိတဲ့လူတိုင်းက 'တပ်ခ်ကလေး' လို့ပဲ ဆက်ခေါ်ခဲ့ကြသတဲ့။

တပ်ခ်ကလေးဟာ သူ့ထက်ပိုပြီးငယ်တဲ့ ညီမလေး'ဂုတ်စ်တာဗာ'ကို ထိန်းကျောင်းခဲ့ရတယ်။ ပြီးတော့ သူ့ကျောင်းသင်ခန်းစာတွေကို လေ့လာကျက်မှတ်ဖို့ကလည်း လိုအပ်နေပြန်တယ်။ အဲဒီမှာတင် လုပ်စရာအလုပ်က နှစ်ခုဖြစ်နေတာပေါ့။ ခက်တာက အဲဒီအလုပ်နှစ်ခုကို တစ်ပြိုင်နက်တည်း ဘယ်လိုလုပ်မလဲ။

သနားစရာကောင်းတဲ့ကောင်လေးဟာ သူ့ရဲ့ညီမလေးကို ပေါင်ပေါ်တင်ပြီး ထိုင်ရတယ်။ ပြီးတော့ သူ ရထားသမျှ ကောင်းနိုးရာရာ သီချင်းလေးတွေကို ညီမလေးအတွက် ဆိုပေးရတယ်။ သီချင်းတစ်ပုဒ်ဆိုပြီးတိုင်း သူ့ဘေးမှာ ဖွင့်ချထားတဲ့ ပထဝီဝင် ကျောင်းစာအုပ်ကို တစ်ချက် လှမ်းဖတ်ရတယ်။ မနက်ဖြန်မနက်ကျရင် 'ဇီယာလန်'လို့ ခေါ်တဲ့ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးရဲ့ နယ်မြေထဲမှာ ပါဝင်တဲ့မြို့တွေရဲ့ နာမည်